# မြန်မာ့ရိုးရာ စဉ့်ထည်လုပ်ငန်း

**သမိုင်းနောက်ခံ**

*　အိုးထိန်းစက်ကို အသုံးပြုခြင်းမရှိသော မြေထည်၊ ရွှံ့စေးထည်လုပ်ငန်းသည် လွန်ခဲ့သော နှစ်ပေါင်း တစ်သောင်းကျော်အထက်ကတည်းက မြန်မာနိုင်ငံတွင် ဖြစ်တည်ခဲ့ကြောင်း အထောက်အထားများရှိသည်။

*　တရုတ်ပြည်အနောက်မြောက်ဒေသ ကန်စုနယ်သားတို့၏ အိုးလုပ်နည်းပညာသည် ဘီစီ ၅ ရာစု ခန့်တွင် မြန်မာနိုင်ငံရှိ ပျူအိုးသည်စုတို့၏ ရိုးရာနည်းဖြင့် ပေါင်းစပ်သွားကြောင်း အဆိုရှိသည်။

*　အေဒီ ၆ ရာစု သရေခေတ္တရာနှင့် အေဒီ ၉ ရာစု ပုဂံခေတ်ဦးတို့တွင် မြန်မာ့မြေထည်လုပ်ငန်းနှင့်အတူ စဉ်ထည်လုပ်ငန်းများပါ ထွန်းကားခဲ့ကြောင်း၊ ထိုခေတ် ဘုရားစေတီ ဗိသုကာလက်ရာများက ပြဆိုလျက်ရှိသည်။




*　အေအီ ၁၆ ရာစုခန့်တွင် အဆင့်မြင့်စဉ့်ထည်ဖြစ်သော စိမ်းဖြူစဉ့်နှင့် ရုက္ခမူချော်ဖြင့်ပြုလုပ်ထားသော စဉ့်ထည်များ မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသတွင် ထွန်းကားခဲ့ကြောင်း အထောက်အထားများကို ၁၉၈၄ ခုနှစ် တွင် ဂျပန်သိပ္ပံပညာရှင် ဟာဆဘီ (Hasebe) နှင့်အဖွဲ့က ဖော်ထုတ်အတည်ပြုခဲ့သည်။

*　မြန်မာနိုင်ငံစဉ့်အသင်း (၁၉၉၉) သည် နိုင်ငံခြားသိပ္ပံပညာရှင်များနှင့် ပူးပေါင်းပြီး ရှေးဟောင်းစဉ့်ဖိုများကို ရှာဖွေ ဖော်ထုတ်ထုတ်ခဲ့ရာ မြစ်ဝကျွန်းပေါ်ဒေသတွင် စဉ့်ဖိုပေါင်း ၁၀၀၀ နီးပါးခန့် တွေ့ရှိမှတ်တမ်းပြုနိုင်ခဲ့သည်။




*　မြန်မာနိုင်ငံ အထက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မြောင်း (ရွှေဘို)မြို့နယ်၊ နွယ်ငြိမ်းကျေး ရွာအုပ်စုသည်လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် အိုးဖိုစုတွင် လည်းကောင်း၊ မြန်မာ့ရိုးရာ စဉ့်ထည်မြေထည်လုပ်ငန်းများကို ယခုတိုင် တွေ့မြင်နိုင်သည်။

**တွံတေးစဥ့်လုပ်ငန်း**

* ယခု တွံတေးမြို့ကို ဒလမြို့ဟောင်းဟု ဆိုကြသည်။ တွံတေးမြို့သည် ရှေးက ကလသာပူရခေါ် အိုးမြို့တော်အဖြစ် အမည်တွင်ခဲ့သည့် ဒေသဖြစ်သည်ဟု ပညာရှင်များက မှန်းဆကြသည်။

* တွံတေးမြို့၊ ရွှေဆံတော်စေတီအထက် ပစ္စယာတွင် ရှေးဟောင်း ကလသာအိုး ရုပ်ကြွစဥ့်ချပ်တစ်ခုကို တွေ့ရှိနိုင်သည်။ တွံတေးအိုးဖိုစုသည် နန်းတော်ကုန်း၏ ဆင်ခြေဖုံးတွင်တည်ရှိပြီး ယခုတိုင် စဥ့်ထည်၊ မြေထည် လုပ်ငန်းများဖြင့် ရပ်တည်လျက်ရှိသည်။





* တွံတေး၊ ကော့မှူးလမ်းမပေါ်ရှိ ဘုရားကြီး(ဖလက်ကြီး) ကျေးရွာနှင့် တွံတေးမြို့ ဦးကြာသန်း၏ ခြံအတွင်း၌ အမှတ်အသားပြု ထိန်းသိမ်းထားသော အေဒီ ၁၆ ရာစု ရှေးဟောင်းစဥ့်ဖိုများကို တွေ့ရှိနိုင်သည်။ တွံတေးမြို့ တောင်ဘက် ပြသတိုက်ကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာတွင် အေဒီ ၆ ရာစု လက်ရာ ရှေးဟောင်းပေါ်တော်မူ သတ္တုစပ် ရုပ်ပွားတော်တစ်ဆူတွင် စဥ့်ရည်သွန်းလောင်းထားသည့်အမှတ်အသားကိုလည်း လေ့လာတွေ့ရှိနိုင်သည်။






* စိမ်းပြာစဥ့်နှင့် ရုက္ခမူချော်ထည်ပစ္စည်းများကို ညောင်တံခါးကျေးရွာ (တွံတေး) ရှိ မြန်မာနိုင်ငံစဥ့်အသင်း၏ ကလသာပူရ ရိုးရာစဥ့်ပြတိုက်တွင်လည်းကောင်း၊ တွံတေးမြို့ ပဏ္ဍိတာရာမကျောင်းတိုက်တွင်လည်းကောင်း၊ တံခွန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း လေ့လာကြည့်ရှုနိုင်သည်။

* တွံတေးတူးမြောင်း ဒီရေကျချိန်တွင် တွံတေးမြို့အဝင် ကမ်းနားတစ်လျှောက် ကမ်းပါးယံ၌ အချပ်လိုက် အစုလိုက်တည်ရှိနေသော စဥ့်ထည်၊ မြေထည်များသည် တစ်ချိန်က အိုးလုပ်ငန်းရောင်းဝယ်ဖောက်ကားရာ၊ အိုးမြို့တော်ဆိပ်ကမ်းဖြစ်နိုင်ကြောင်း အထောက်အထားများအဖြစ် ဖော်ညွှန်းလျက်ရှိသည်ကို တွေ့ရှိနိုင်သည်။

ဦးဇော်သန်း (ဇော်ဟိန်း)
နာယက၊ မြန်မာနိုင်ငံ စဥ့်အသင်း
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁) ရက်